# စကားရပ်များအစားထိုးသည့် ဥပဒေ

## ၁၉၉၇ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ဥပဒေအမှတ် ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **၁၉၉၇ ခုနှစ်၊ စကားရပ်များအစားထိုးသည့်ဥပဒေ** ဟု ခေါ်တွင် စေရမည်။

(ခ) ဤဥပဒေသည် ၁၃၅၉ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၁ ရက် ( ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) နေ့မှ စတင်၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ကြေညာချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်တို့တွင် ပါရှိသော အောက်ပါ စကားရပ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် စကားရပ်များဖြင့် ဆီလျော်သလို အစားထိုးပြီး ဖြစ်သည်ဟု မှတ်ယူရမည် —

| | **တည်ဆဲစကားရပ်** | **အစားထိုးသည့်စကားရပ်** |
|---|---|---|
| (က) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| (ခ) | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ |
| (ဂ) | ပြည်နယ် သို့မဟုတ် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | ပြည်နယ် သို့မဟုတ် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| (ဃ) | ခရိုင် ငြိမ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ | ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| (င) | မြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| (စ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ |